# အခွန်ကင်းလွတ်ခွင့် နှင့် ပါတ်သက်၍

အလုပ်သင်များသည် အခြေခံအားဖြင့် မိမိလခမှ ဝင်ငွေခွန်(ဂျပန်ပြည်)၊ ဒေသဆိုင်ရာ နေထိုင်မှုအခွန် (တိုင်းနှင့်ပြည်နယ်) များကို ထမ်းဆောင်ကြရပါမည်။ သို့သော် မိမိတိုင်းပြည်နှင့် ဂျပန်ပြည်အကြား ၂နိုင်ငံ အခွန်ကင်းလွတ်ခွင့် သဘောတူချက် စာချုပ်များရှိပါက အခွန်ပေးဆောင်ရန် မလိုအပ်ပါ။

## ● ၂နိုင်ငံအကြား အခွန်သဘောတူစာချုပ်အရ ဝင်ငွေခွန်ကင်းလွတ်ခွင့်ကို လျှောက်ထားသည့်အခါ

၂နိုင်ငံအကြား အခွန်သဘောတူစာချုပ် လျှောက်လွှာ (ပုံစံ-၈) (တွဲထားသော တစ်ခြားစာရွက် စာတန်း အပါ) ကို လစာပေးသူ(အလုပ်သင်ဌာန) မှ တစ်ဆင့် အခွန်ရုံးသို့ လျှောက်ထားနိုင်ပါသည်။

အသေးစိတ်ကို အခွန် HP (www.nta.go.jp) သို့မဟုတ် နီးစပ်ရာ အခွန်ရုံးများတွင် စုံစမ်းနိုင်ပါသည်။

## ● ၂နိုင်ငံအကြား အခွန်သဘောတူစာချုပ်အရ ဒေသဆိုင်ရာ နေထိုင်မှုအခွန် ကင်းလွတ်ခွင့်ကို လျှောက်ထားသည့်အခါ

၂နိုင်ငံအကြား အခွန်သဘောတူစာချုပ်နှင့် ပါတ်သက်သော လျှောက်လွှာများကို တိုင်းနှင့်ပြည်နယ်ရုံးများသို့ လျှောက်ထားနိုင်ပါသည်။

အသေးစိတ်ကို မိမိနေထိုင်ရာ နီးစပ်ရာ တိုင်းနှင့်ပြည်နယ်ရုံးများတွင် စုံစမ်းနိုင်ပါသည်။

(အကိုးအကား) အခြေခံ ၂နိုင်ငံအကြား အခွန်သဘောတူစာချုပ်

| တိုင်းပြည် | အခြေခံ ၂နိုင်ငံအကြား အခွန်သဘောတူထားသော အကြောင်းအရာများ |
|---|---|
| ဗီယက်နမ် | အခြေခံ သပ်မှတ်ထားသည့် အခွန် |
| တရုပ် | စားသောက်နေထိုင်မှု၊ ပညာရေး၊ သင်တန်း အတွက် ရရှိသော ထောက်ပန့်ငွေနှင့် ဝင်ငွေခွန် ကင်းလွတ်ခွင့် |
| ဖိလစ်ပိုင် | ၁နှစ်လျှင် အမေရိကန်ဒေါ်လာ ၁၅၀၀ အောက်ဖြစ်ပါက အခွင်ကင်းလွတ်ခွင့်သည်။ (၃နှစ်အထိသာဖြစ်သည်) (ဝင်ငွေခွန်နှင့်သာ သက်ဆိုင်သည်) |
| အင်ဒိုနီးရှား | ၁နှစ်လျှင် ဂျပန်ယန်း ခြောက်သိန်း အောက်ဖြစ်ပါက အခွင်ကင်းလွတ်ခွင့်သည်။ (၅နှစ်အထိသာဖြစ်သည်) |
| ထိုင်း | ၅နှစ်ကို မကျော်လွန်သော အချိန်ကာလအတွင်း အလုပ်သင်နှင့် ပါတ်သက်သော ဝင်ငွေသည် အခွန်ကင်းလွတ်သည်။ (ထိုဝင်ငွေသည် နေထိုင်စားသောက်မှုနှင့် ပညာရေးအတွက် အသုံးချသည့် ဝင်ငွေဖြစ်ရမည်) (ဝင်ငွေခွန်နှင့်သာ သက်ဆိုင်သည်) |
| သီရိလင်္ကာ | ၁နှစ်လျှင် ဂျပန်ယန်း သုံးသိန်း ခြောက်သောင်း အောက်ဖြစ်ပါက အခွင်ကင်းလွတ်ခွင့်သည်။(ဝင်ငွေခွန်နှင့်သာ သက်ဆိုင်သည်) |

＊၁။ မြန်မာ၊ ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံများသည် ၂နိုင်ငံအကြား အခွန်သဘောတူစာချုပ် မချုပ်ဆိုထားပါ။

＊၂။ ဤ၂နိုင်ငံအကြား အခွန်သဘောတူထားသော အကြောင်းအရာများသည် ဂျပန်ပြည်တွင် နေထိုင်သည့် အလုပ်သင် သင်တန်းသား ဦးရည်များပြားသော တိုင်းပြည်ကိုလိုက်၍ ဂျပန်ပြည်တွင်းရှိ အလုပ်သင်တန်းများက ပေးသော လခ၏ ဝင်ငွေခွန်နှင့် ပါတ်သက်ပြီး ဖေါ်ပြထားခြင်းသာ ဖြစ်ပေသည်။

၂၀၁၉ခု ဩဂုတ်လ